(အစ္စလာမ်သာသနာတွင်)ရောဂါဟူသည်

(သူ့အလိုလို)ကူးစက်ခြင်းမရှိ၊

မကောင်းနိမိတ်ကောက်ခြင်းမရှိ၊ ငါကိုယ်တော်မြတ်သည် ‘ဖအ်လ်’ ကိုနှစ်သက်တော်မူသည်။ အချို့က ‘ဖအ်လ်’ ဟူသည်အဘယ်နည်းဟု မေးမြန်းကြရာ ကိုယ်တော်မြတ်က

အမိန့်ရှိသည်မှာ ကောင်းသောစကားဆိုခြင်း(ကောင်းသောနိမိတ်ကောက်ခြင်း)ဖြစ်သည်။

အနတ်စ်ဗက်န်မာလိက်(ရဿွိယလ္လာဟုအန်ဟု) ဆင့်ပြန်သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်တော်မူသည်မှာ - (အစ္စလာမ်သာသနာတွင်)ရောဂါဟူသည် (သူ့အလိုလို)ကူးစက်ခြင်းမရှိ၊
မကောင်းနိမိတ်ကောက်ခြင်းမရှိ၊ ငါကိုယ်တော်မြတ်သည် ‘ဖအ်လ်’ ကိုနှစ်သက်တော်မူသည်။
အချို့က ‘ဖအ်လ်’ ဟူသည် အဘယ်နည်းဟု မေးမြန်းကြရာ ကိုယ်တော်မြတ်က အမိန့်ရှိသည်မှာကောင်းသောစကားဆိုခြင်း(ကောင်း သောနိမိတ်ကောက်ခြင်း)ဖြစ်သည်။ [صحيح] [متفق عليه]

ဂျာဟိလိယဟ် အစ္စလာမ်သာသနာမပြန့်ပွါးမီအလျင်က ရှိခဲ့ကြသူများ၏ယုံကြည်ချက်ဖြစ်သည့်ရောဂါများသည် အလ္လာဟ်အရှင်မြတ်၏ စီမံခန့်ခွဲမှုမပါဘဲ သူ့အလိုလိုကူးစက်နိုင်သည်ဟူသော အယူအဆသည် မှားယွင်းကြောင်း တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) က မိန့်ကြားတော်မူခဲ့သည်။ ထို့ပြင်(သွိယရဟ်)သည်လည်းမှားယွင်းသောအယူအဆဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့သည်။ သွိယရဟ်ဟူသောမကောင်းနိမိတ်ကောက်ခြင်းဟူသည် ငှက်များ၊ တိရစ္ဆာန်များ၊ ရောဂါသည်များ၊ နံပါတ်များ၊နေ့ရက်များနှင့် အခြားအရာများကို ကြားခြင်း၊ မြင်ခြင်းဖြင့်နိမိတ်ကောက်ခြင်းဖြစ်သည်။ ဟဒီးဆ်တော်တွင် သွိယရဟ်ပျံသန်းခြင်းဖြင့်နိမိတ်ကောက်ခြင်းဟူသော စကားလုံးပါရှိရခြင်းမှာ ယင်းစကားလုံးသည်တမန်တော်မြတ်မဖွားမီဂျဟိလိယ္ယဟ်ခေတ်တွင် ကျော်ကြားလှသော စကားလုံးဖြစ်သည်။ မူလတွင်ယင်းစကားလုံးကို အလုပ်တစ်ခု သို့မဟုတ် ခရီးတစ်ခု သို့မဟုတ် အခြားအရာကိုအစပြုရန်ငှက်လွှတ်ကြပြီး အကယ်၍ငှက်သည် လက်ယာဘက်သို့ပျံသန်းသွားပါကအကောင်းနိမိတ်ကောက်ပြီး အစပြုကြသည်။ အကယ်၍ငှက်သည် လက်ဝဲဘက်သို့ ပျံသန်းသွားပါကမကောင်းနိမိတ်ကောက်၍ မိမိအစပြုလိုသည့်ကိစ္စကို ရပ်စဲလိုက်ပေသည်။ ထို့နောက်တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် ကောင်းသောနိမိတ်ကောက်ခြင်းကိုနှစ်သက်တော်မူကြောင်းမိန့်ကြားထားသည်။ ကောင်းသောနိမိတ်ကောက်ခြင်းဟူသည် လူသားသည်မိမိကြားလိုက်သည့် ကောင်းမွန်သောစကားရပ် ဖြင့် ပျော်ရွှင်မှုကို ခံစားရပြီးယင်းစကားရပ်သည်အရှင်မြတ်အားအကောင်းမြင်စိတ်ရရှိလာအောင်ပြုလုပ်ပေးသည်။

http://www.sunnah.global/hadeeth/my/show/3422